# သာမန်ကာလ (၂၁)ကြိမ်မြောက် စနေနေ့

ရှင်မာတေဦး ၂၅း၁၄-၃၀

ကျနော်တို့ ဒီလောကမှာ အသက်ရှင်နေထိုင်ကြရင်းနဲ့ ဒီလောကသက်တမ်းကုန်ဆုံးတဲ့အချိန် ယေရှုဘုရားရှင် ဒုတိယအကြိမ်ကြွလာမည့်အချိန်မှာ ထာဝရအသက်ရစေဖို့ ဘုရားပေးထားတဲ့ ကျေးဇူးတော်တွေကို ကိုယ့်အတွက် သူတပါးတွေအတွက် ကောင်းကျိုးပြုရပါလိမ့်မယ်။ လူတိုင်းကို ဘုရားက သူတို့ရှိတဲ့အရည်အချင်းအတိုင်း ကျေးဇူးတော်အမျိုးမျိုး ပေးထားပါတယ်။ ကိုယ်ရရှိထားတဲ့ အခွင့်အရေးတွေကို ကောင်းကောင်းအသုံးမပြုပဲ ပျင်းရိနေမယ်၊ စိတ်မဝင်စားဘူးဆိုရင် ကျနော်တို့ကို ဘုရားက အပြစ်တင်ပါလိမ့်မယ်။

ယနေ့ ဖတ်ရတဲ့ ရှင်မာတေဦး အခန်းကြီး ၂၅း၁၄ မှာ လူတစ်ဦးဟာ ခရီးဝေးသွားမှာဖြစ်လို့ သူ့ဉစ္စာတွေကို အစေခံတွေ ခေါ်ပြီး ခွဲဝေပေးပါတယ်။ သူခွဲဝေပေးခဲ့တဲ့အရင်းအနှီးတွေကို အကျိုးအမြတ်ရအောင် လုပ်ကြဖို့ မှာကြားထားပါတယ်။ အစေခံတစ်ဦးကို ငွေ (၅) တာလင်၊ တစ်ဦးကို ငွေ (၂) တာလင်၊ ကျန်တစ်ဦးကို ငွေ (၁) တာလင် ပေးအပ်ထားခဲ့ပါတယ်။ နှစ်ပေါင်းများစွာကြာပြီး အဲ့ဒီသခင် ပြန်လာတဲ့အခါမှာတော့ ငွေ (၅)တာလင်နဲ့ ငွေ(၂)တာလင် ရရှိခဲ့တဲ့သူတွေက အကျိုးအမြတ်တွေ ရရှိကြကြောင်း သခင်ကို လာပြကြပါတယ်။ ငွေ (၁)တာလင် ရရှိခဲ့တဲ့အစေခံကတော့ သူ့ငွေကို ပျောက်မှာစိုးလို့ မြေကြီးထဲ ဝှက်သိမ်းထားခဲ့တာ အခု သခင်ပြန်လာတော့ အဲ့ဒီငွေ (၁)တာလင်ကို သခင်ပေးခဲ့တဲ့အတိုင်း၊ အရှိအတိုင်း ပြန်ပေးလိုက်တယ် တဲ့။ ဘာသာသူတို့ ငွေ (၁)တာလင်ကို အထင်မသေးသင့်ပါဘူး။ အဲ့ဒီငွေ (၁)တာလင်ကလည်း

မြန်မာကျပ်ငွေနဲ့တွက်ရင် သိန်းရာချီပြီး တန်ဖိုးရှိပါတယ်။ သိန်းရာချီပြီးရှိတဲ့ ငွေကို ဘာမှမလုပ်ပဲ မြေကြီးထဲ သိမ်းထားသတဲ့ဗျာ ။ ဒါကြောင့် သူ့သခင်က သူ့ကို ငေါက်ငမ်းခဲ့တာပေါ့။

ဘုရားပေးတဲ့ အရင်းအမြစ်၊ ဘုရားပေးတဲ့အချိန်၊ ဘုရားပေးထားတဲ့ ကျန်းမာသန်စွမ်းခြင်းတွေကို အသုံးချရမယ်။ အကျိုးရှိရှိ သုံးရပါမယ်။ ပျင်းမနေရဘူး။ စိတ်ပျက်လက်ပျက် ဖြစ်ပြီး အချိန်တွေ မကုန်စေပါနဲ့။ ဘုရားနဲ့ ပေါင်းစပ်ပြီး စိတ်အားတက်ကြွအောင် ခွန်အားယူပါ။

နောက်ဆုံးသောအချိန်မှာ ယေရှုဘုရားရှင် ကြွလာလိမ့်မယ်ဆိုတာ ကျနော်တို့ သိပြီးသားပါ။ အဲလိုဆိုရင် ကျနော်တို့က ကိုယ့်အလုပ်ကနေ ထွက်ပြီး ဘုရားကို အစောင့်နေရမှာလား ။ အဲလိုလည်း မဟုတ်ပါဘူး။ ကျနော်တို့ လုပ်လေသမျှမှာ ဘုရားကို ချစ်ပြီးလုပ်နေတယ်၊ သူတပါးအတွက် စေတနာထားပြီးလုပ်နေရင် သင်ဟာ အမြဲတမ်း ဘုရားကို အစောင့်နေတာနဲ့ အတူတူ ပါပဲ။ လုပ်လေသမျှမှာ ဘုရားကို ချစ်လို့ လုပ်တယ်ဆိုတဲ့စိတ်ကို ထားရှိကြပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။